# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## ပဉ္စမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**
**( ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက် )**
**[တနင်္လာနေ့]**

**အချိန်၊ ၁၃း၃၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၃း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၉၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၄။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၉-၅-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ယူနက်စကိုမြန်မာနှင့် တွေ့ဆုံရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး၊ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ် ခင်မောင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ (၂၁)ရာစု ပင်လုံညီလာခံ တက်ရောက်ရန်။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ နေမကောင်းပါသဖြင့်။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး ရှိပါသဖြင့်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၂၇)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စု၊ ချင်းဒေါက်ကျေးရွာ ပေ(၁၈၀)အရှည်ရှိ လူကူးကြိုးတံတား၊ ထရွန်အိုင်(ရွာဟောင်း)ကျေးရွာ ပေ(၂၅၀)အရှည်ရှိ လူကူးကြိုးတံတားနှင့် အထက်သဲမဝ အုပ်စုနှင့် ကွမ်းတောင်အုပ်စုကြား ပေ(၃၅၀)အရှည်ရှိ ကုလားချောင်း ဘေလီတံတားတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စု၊ ချင်းဒေါက်ကျေးရွာ ပေ(၁၈၀)အရှည်ရှိ လူကူးကြိုးတံတား၊ ထရွန်အိုင်(ရွာဟောင်း)ကျေးရွာ ပေ(၂၅၀)အရှည်ရှိ လူကူးကြိုးတံတားနှင့် အထက်သဲမဝ အုပ်စုနှင့် ကွမ်းတောင်အုပ်စုကြား ပေ(၃၅၀)အရှည်ရှိ ကုလားချောင်း ဘေလီတံတားတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၉။**

**ဦးဇေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း(၃၀၀၀)ကျော်ရှိပြီး ချင်းပြည်နယ်၏ လူဦးရေအထူထပ်ဆုံးမြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အခက်ခဲဆုံးဒေသ တစ်ခုလည်းဖြစ်ပါတယ်။ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံရာတွင် လူသွားလမ်းကျဉ်းကျဉ်းမျှသာ လျှိုမြောင်များကို ဖြတ်သန်းသွားလာရသောအနေအထား ဖြစ်ပါတယ်။

ယခု တောင်းဆိုထားသော ကြိုးတံတားများအနက် ဘေလီတံတားသည် ဒေသအတွင်း အလွန်လိုအပ်လျက်ရှိသော တံတားများပင် ဖြစ်ပါတယ်။ ချင်းဒေါက်ကျေးရွာ သစ်သားတံတားသည် ဟောင်းနွမ်းပြီး ရေကြီးမှုကြောင့် ပျက်စီးပြိုနေပြီ ဖြစ်ပါတယ်။ ထို့အပြင် ထရွန်အိုင်(ရွာဟောင်း) ကျေးရွာ ကြိုးတံတားသည် အသစ်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ အနီးဝန်းကျင်တွင် နေသောပြည်သူများ နေ့စဉ် ဖြတ်သန်းသွားလာမှုပြုသောလမ်းဖြစ်သည့်အပြင် စစ်ရေးစစ်ရာ မဟာဗျူဟာလမ်းကျသော တစ်ခုလည်းဖြစ်ပါတယ်။

နောက် အထက် သဲမဝအုပ်စု ကျောက်ကိုင်ကျေးရွာနှင့် ကွမ်းတောင်အုပ်စု ယခင် ကျေးရွာကြား သွားလာမှုခက်ခဲနေတဲ့ ကုလားချောင်းကူး ဘေလီတံတား တည်ဆောက်ပေးနိုင်မည်ဆိုပါက အဆိုပါဒေသတွင် နေထိုင်ကြသော အုပ်စု(၈)အုပ်စုရှိ ဒေသခံများ လူမှုစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်က ပလက်ဝမြို့နယ် ချင်းဒေါက်ကျေးရွာ ပေ(၁၈၀)အရှည်ရှိ လူကူးကြိုးတံတား၊ ထရွန်အိုင်(ရွာဟောင်း)ကျေးရွာ ပေ(၂၅၀) အရှည်ရှိ လူကူးကြိုးတံတားနှင့် အထက်သဲမဝအုပ်စုနှင့် ကွမ်းတောင်အုပ်စုကြား ပေ(၃၅၀)ရှိ ဘေလီ တံတားတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အသစ် တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မဲဆန္ဒရှင်များကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ပေါ်တွင် အဆင့်မီ မြို့တော်ခန်းမတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃:၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ပေါ်တွင် အဆင့်မီ မြို့တော်ခန်းမတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဝ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃:၄၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ပေါ်မှာ အဆင့်မီ မြို့တော်ခန်းမတစ်ခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

တမူးမြို့ဟာ မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဘက်ဒေသ အိန္ဒိယနိုင်ငံ နယ်နိမိတ်ချင်း ဆက်စပ်လျက် နီးကပ်စွာတည်ရှိသော နယ်စပ်မြို့တစ်မြို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုံခြုံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်စပ်ဒေသကုန်သွယ်ရေးအရ အရေးပါသောအနေအထားမှာ ရှိနေပါတယ်။ နယ်စပ်ဒေသကုန်သွယ်ရေးအရ တမူး-ကလေး-ကလေးဝ-မုံရွာ ကုန်စည်စီးဆင်းမှု လမ်းကြောင်းပေါ်မှာ တည်ရှိနေခြင်းကြောင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများလည်း နှစ်စဉ် တိုးပွား လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်နှင့် အစိုးရချင်း၊ ပြည်သူချင်း ထိတွေ့ဆက်ဆံမှု ကောင်းပြီး လူမှုစီးပွားရေးကိစ္စများ ဆောင်ရွက်ရာတွင် တမူးမြို့မှာ အဓိကနေရာတွင် တည်ရှိနေ ပါတယ်။ အိန္ဒိယ-အာဆီယံ ခရီးရှည်ကားမောင်းပြိုင်ပွဲ အပါအဝင် ချစ်ကြည်ရေးခရီးစဉ်များ ဆောင်ရွက် ရာတွင် ခရီးတစ်ထောက်နားခိုရာ၊ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ၏ အာဆီယံထွက်ပေါက်တစ်ခု

ဖြစ်နေပါတယ်။ ထိုသို့ ကူးလူးဆက်ဆံဆောင်ရွက်ရာတွင် အခမ်းအနားများ လက်ခံဆောင်ရွက်ရန်၊ အဆင့်မီ မြို့တော်ခန်းမတစ်ခု လိုအပ်လျက်ရှိနေပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနက ၂၀၁၃-၂၀၁၄ ခုနှစ်၊ တမူးမြို့ မြို့ပြစီမံကိန်းရေးဆွဲရာတွင်လည်း ဗိုလ်ချုပ်လမ်းနှင့် မြို့မလမ်းထောင့်ရှိ မြေနေရာအား မြို့တော်ခန်းမ တည်ဆောက်ရန် လျာထားသတ်မှတ်ပြီး ဖြစ်ပါတယ်။

အဆင့်မီ မြို့တော်ခန်းမတစ်ခု ရှိနေပါက ရှမ်း၊ ချင်း၊ ဗမာ ဒေသခံတိုင်းရင်းသားများရဲ့ ရိုးရာဓလေ့၊ ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင်များ လက်ခံကျင်းပနိုင်မည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပါသောကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ပေါ်တွင် အဆင့်မီ မြို့တော်ခန်းမတစ်ခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၄၄။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေ့တင်း ၏ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စု၊ ချင်းဒေါက်ကျေးရွာ ပေ(၁၈၀)အရှည်ရှိ လူကူးကြိုးတံတား၊ ထရွန်အိုင်(ရွာဟောင်း)ကျေးရွာ ပေ(၂၅၀)ရှိ လူကူးကြိုးတံတားနှင့် အထက်သဲမဝအုပ်စုနှင့် ကွမ်းတောင်အုပ်စုကြား ပေ(၃၅၀)အရှည်ရှိ ကုလားချောင်းဘေလီတံတားတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ လျာထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စု၊ ချင်းဒေါက်ကျေးရွာရှိ ပေ(၁၈၀)အရှည် လူကူးကြိုးတံတားနှင့် အထက် သဲမဝကျေးရွာအုပ်စုနှင့် ကွမ်းတောင်အုပ်စုကြားမှာရှိတဲ့ ပေ(၃၅၀)အရှည် ကုလားချောင်းဘေလီတံတား အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် ထပ်မံထည့်သွင်း လျာထားနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ချင်းပြည်နယ်အစိုးရအနေဖြင့်ကတော့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ထရွန်အိုင်(ရွာဟောင်း)ကျေးရွာရှိ ပေ(၂၆၀)အရှည်၊ ဥသလင်း လူကူးကြိုးတံတားအသစ် တည်ဆောက်နိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေတွင် ငွေကျပ်(၈၁.၉၀)သန်း ခွင့်ပြုပါရှိပြီးဖြစ်၍ လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ပေါ်မှာ အဆင့်မီမြို့တော်ခန်းမတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ပေါ်တွင် အဆင့်မီ မြို့တော်ခန်းမတစ်ခုကို ဆောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၃၀၀)သန်း ကုန်ကျမည်ဖြစ်ပါတယ်။ တမူးမြို့နယ် စည်ပင်သာယာရေးကော်မတီရဲ့ တစ်နှစ်ဝင်ငွေမှာ (၂၈၃.၂)သန်းသာရှိပြီးတော့ မြို့ရဲ့ သန့်ရှင်းသာယာလှပရေး၊ လမ်းတံတားပြုပြင်ရေးလုပ်ငန်းများမှာ ပြန်လည်သုံးစွဲရတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခန်းမဆောက်လုပ်ခြင်းအတွက် စည်ပင်သာယာရေးဝင်ငွေဖြင့် ဆောက်လုပ်ပေးရန် မဖြစ်နိုင်တဲ့အတွက် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်မှု ရှိ/မရှိကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ မြို့မိ၊ မြို့ဖများ၊ ခရိုင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ တွေ့ဆုံဆွေးနွေးရာမှာ ဒေသခံပြည်သူများမှ ခန်းမဆောက်လုပ်ခြင်းအတွက် ငွေကြေးထည့်ဝင်နိုင်ခြင်း မရှိပါကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိမှုပေါ်မှာ မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် ကိုးကွယ်သည့် ဘာသာအမှန် ထည့်သွင်းခွင့် မရရှိသဖြင့် ထည့်သွင်းခွင့်ရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် ကိုးကွယ်သည့်ဘာသာအမှန် ထည့်သွင်းခွင့်မရရှိသဖြင့် ထည့်သွင်းခွင့် ရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးသော လွှတ်တော်ကိုယ်စားလှယ်ကြီးများကို မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို ကျွန်တော့်ရဲ့မဲဆန္ဒနယ် တစ်ခုဖြစ်တဲ့ ဇလွန်မြို့နယ်အတွင်းမှာရှိတဲ့ ဂမုန်းစု၊ ပိန်းကောမ၊ ကညင်ငူ၊ ပေါက်ပင်ကွင်းကျေးရွာများမှာရှိတဲ့ သားဦးကရင် မေတ္တာပြဟ္မစိုရ်တိုင်းရင်း ဘာသာ ပြည်တွင်းသာသနာဝင် အိမ်ထောင်စုများရဲ့ကိုယ်စား ဒီမေးခွန်းကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာတိုင်းရင်းသား ကရင်လူမျိုးတစ်ဦးဖြစ်တဲ့ ဘိုးပိုက်ဆံ(ခ)ဖူးဘူးပွယ်မူး ဆိုတဲ့သူကနေပြီးတော့ ဗုဒ္ဓဘာသာထဲက ကောင်းနိုးရာရာတွေ၊ ခရစ်ယာန်ဘာသာထဲက ကောင်းနိုးရာရာတွေနဲ့ ကရင်တိုင်းရင်းသားယဉ်ကျေးမှုထဲက ကောင်းနိုးရာရာတွေကို စုပြီးတော့ လွန်ခဲ့တဲ့ ၁၈၆၆ ခုနှစ်လောက်က မေတ္တာပြဟ္မစိုရ် တိုင်းရင်းဘာသာ ပြည်တွင်းသာသနာဆိုတဲ့ ဘာသာသစ်တစ်ခုကို တီထွင်ခဲ့တဲ့အခါမှာ ယခုဆိုလို့ရှိရင် နှစ်ပေါင်း(၁၅၁)နှစ် ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီအကြောင်းကို မြန်မာ့စွယ်စုံကျမ်း (က)ကနေ အကုန် အတွဲ(၁) စာမျက်နှာ ၉၅ မှာလည်း ဖော်ပြထားကြောင်း သိရှိရပါတယ်။ ယခုအခါမှာ ဒီဘာသာသာသနာကို ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့မှာ ဗဟိုဌာနချုပ်အဖြစ် ဖွင့်လှစ်ထားပြီးတော့ ယနေ့အထိ ဒီဘာသာကို ယုံကြည်ကိုးကွယ်တဲ့လူပေါင်းဟာ ရန်ကုန်တိုင်းဒေသကြီးမှာ (၃၀၂၅၀)ယောက်၊ ဧရာဝတီတိုင်းဒေသကြီးမှာ(၁၇၅၂၀)ယောက်၊ ပဲခူးတိုင်းဒေသကြီးမှာ(၁၈၇၅၀)ယောက်၊ ကရင်ပြည်နယ်မှာ (၂၉၅၃၀)ယောက်နှင့် ကယားပြည်နယ်မှာ(၅၀၅၀)ယောက် စုစုပေါင်း(၁၀၁၁၀၀)ယောက်ရှိကြောင်း တင်ပြချက်များအရ သိရှိရပါတယ်။

ယခင်အစိုးရအဆက်ဆက်က မှတ်ပုံတင်ကတ်တွေ၊ နိုင်ငံသားကတ်ပြားတွေပြုလုပ်ရာမှာ ကိုးကွယ်သည့်ဘာသာကို မေတ္တာပြဟ္မစိုရ်ဘာသာဟု ရေးသားပေးသော်လည်းပဲ ယခုအခါ ထိုသို့ ထည့်သွင်းရေးသားပေးခြင်းမရှိတော့ဘဲ ကရင်လူမျိုးတွေဖြစ်လို့ ကိုးကွယ်သည့်ဘာသာနေရာမှာ ခရစ်ယာန် ဒါမှမဟုတ် ဗုဒ္ဓဘာသာ ဒီလိုမျိုးရေးပေးတာမျိုးတွေ ဒါမှမဟုတ်လည်း အခြား ဆိုပြီးတော့ ရေးပေးတာမျိုးတွေ ဒါမှမဟုတ်လည်း ကွက်လပ်ထားပြီးတော့ ဒီလိုမျိုး ထုတ်ပေးတာမျိုးတွေ ရှိပါတယ်။

အဲဒီလို ရေးပေးတာကိုမှ လက်မခံဘူးဆိုလို့ရှိရင် နိုင်ငံသားစိစစ်ရေးကတ်ပြားဖြစ်ဖြစ်၊ အိမ်ထောင်စုဝင်ကတ်ပြားဖြစ်ဖြစ် လုပ်မပေးနိုင်ဘူးလို့ ပြောဆိုခံနေရကြောင်းလည်း တင်ပြသိရှိရပါတယ်။

အဲဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ဃ)မှာ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုသော်လည်းကောင်း၊ အခြားဘာသာသာသနာကိုသော်လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု ကိုးကွယ်သည့်ဘာသာ၊ သာသနာ၊ ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိတယ်ဟု ပြဋ္ဌာန်းထားသလို နိုင်ငံသားများရဲ့ မူလအခွင့်အရေးအရ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ မေတ္တာဗြဟ္မစိုရ်တိုင်းရင်းဘာသာ ပြည်တွင်းသာသနာတော်ကို ယုံကြည်ကိုးကွယ်ကြတဲ့ ကရင်တိုင်းရင်းသား(၁၀၁၁၀၀)ကျော်တို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမှာသော်လည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမှာသော်လည်းကောင်း ကိုးကွယ်သည့်ဘာသာ အစစ်အမှန်ကို ထည့်သွင်းပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သန်းခေါင်စာရင်းမရှိသော တိုင်းရင်းသားစစ်စစ် နိုင်ငံသားများကို လက်ရှိ မြေပြင်အခြေအနေအတိုင်း နေထိုင်သည့်မှာ မှန်ကန်ကြောင်းကတ်ပြားနှင့် သန်းခေါင်စာရင်းစာရွက်တို့ကို တစ်နိုင်ငံလုံးရှိ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအတွက် (၆)လအတွင်း ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သန်းခေါင်စာရင်းမရှိသော တိုင်းရင်းသားစစ်စစ် နိုင်ငံသားများကို လက်ရှိမြေပြင်အခြေအနေအတိုင်း နေထိုင်သည့်မှာ မှန်ကန်ကြောင်းကတ်ပြားနှင့် သန်းခေါင်စာရင်းစာရွက်တို့ကို တစ်နိုင်ငံလုံးရှိ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအတွက် (၆)လအတွင်း ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၂။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ခင်ဗျား။ နိုင်ငံသားကတ်ပြားလေးတစ်ခုကို ရရှိအောင် အခက်အခဲအမျိုးမျိုးကြောင့် မစွမ်းဆောင်နိုင်တဲ့အတွက် သားစဉ်မြေးဆက် အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေးအခွင့်အလမ်းများ၊ လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ၊ နိုင်ငံသားအခွင့်အလမ်းများ လက်လွတ် ဆုံးရှုံးနေကြရတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားစစ်စစ် နိုင်ငံသားများကို နှစ်ပေါင်းများစွာ အပြစ်တင် ကဲ့ရဲ့ခဲ့ကြတာ တော်လောက်ပြီလို့ထင်ပါတယ်။ မထနိုင်လို့ လဲကျနေပါတယ်ဆိုမှ အပြစ်တင်နေမယ့်အစား တကယ်စိတ်ကောင်းစေတနာရှိရင် တကယ်တာဝန်သိကြရင် လက်တွေ့ကျကျ ဖေးမဆွဲထူကြပါစို့လို့ တိုက်တွန်းရင်းနဲ့ ဂါရဝပြု နှုတ်ဆက်ပါတယ်။

ယနေ့ (၂၁)ရာစုငြိမ်းချမ်းရေးညီလာခံရဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကံကြမ္မာကို ဆုံးဖြတ်ကြမယ့်သူတွေဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေဆိုတာဖြစ်ပေမယ့် ၎င်းတို့ဟာ တိုင်းရင်းသားဖြစ်ကြောင်း သက်သေခံလက်မှတ်ကတ်ပြားတွေ၊ နိုင်ငံသားကတ်ပြားတွေ ရှိလား၊ မရှိဘူးလားဆိုတာ အင်မတန် စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံသား တိုင်းရင်းသားများရဲ့ နိုင်ငံသားဖြစ်မှု၊ နိုင်ငံသားရရှိမှု၊ နိုင်ငံသားပေးမှုဟာ ဘယ်လောက်အရေးပါ အရာရောက်တယ်ဆိုတာကို ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးညီလာခံမှာ ဒီအကြောင်းတွေ ထိထိရောက်ရောက် ဆွေးနွေး အဖြေရှာတွေ့ကြပါစေလို့ ဆုတောင်းပါတယ်။

ဒီလိုပြောရတဲ့အကြောင်းရင်းက ကျွန်တော်တို့ရဲ့ တရုတ်နယ်စပ်နှင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်တွေကနေ ဝင်လာကြပြီးတော့ ကျွန်တော်တို့ တိုင်းရင်းသားစကားလည်း လုံးဝမတတ်၊ ရုပ်ရည်ဗီဇကလည်း နိုင်ငံခြားသားမှန်း ထင်ရှားနေပါရက်နဲ့ နိုင်ငံခြားစိစစ်ရေးကတ်ပြား ပန်းရောင်ကို ကိုင်ပြီးတော့ နိုင်ငံသားအခွင့်အရေးတွေ၊ အပြည့်အဝခံစားခွင့်ရနေတဲ့သူတွေကို ပြီးခဲ့တဲ့ခေတ်တွေမှာ တွေ့ရှိခဲ့ကြဖူးသူတွေ အများကြီးရှိမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ တိုင်းရင်းသားစစ်စစ်တွေကျတော့ တောင်ပေါ်တွေမှာ၊ နယ်စပ်တွေမှာ၊ မြေပြန့်တွေမှာ နိုင်ငံသားကတ်ပြားမရှိခဲ့ကြလို့ သူတို့ရော၊ သူတို့ရဲ့သားသမီးတွေရော ကျွန်တော်တို့ အလုပ်အကိုင်သွားလျှောက်ရင် နိုင်ငံသားကတ်မရှိလို့ အလုပ်မရဘူး။ တက္ကသိုလ်တွေ၊ သင်တန်းတွေ သွားတက်ရင်လည်း နိုင်ငံသားကတ်မရှိလို့ တက်ခွင့်မရကြပြန်ဘူး။ ရွေးကောက်ပွဲဝင်ခွင့်မရဘူး။ ရပ်ကွက်အုပ်ချုပ်ရေးမှူးလောက်တောင် လုပ်ခွင့်မရှိဘူး။ လူမှုရေး၊ စီးပွားရေး၊ အခွင့်အရေးခံစားခွင့်တွေလည်း ဆုံးရှုံးခဲ့ကြရပါတယ်၊ နိုင်ငံသားကတ်မရှိလို့ တရားဝင် အိမ်မြေဝယ်လို့မရဘူး။ စီးပွားရေးလုပ်ငန်းမှတ်ပုံတင်လို့ မရဘူး။ သားသမီး မွေးစားလို့မရဘူး။ ဒါတွေဟာ နိုင်ငံသားကတ်ပြားမရှိတာနဲ့ နိုင်ငံသားအခွင့်အရေးမရဘူး ဆိုတဲ့ဟာတွေက ဆုံးရှုံးနေတဲ့ဟာတွေရဲ့ သာဓကတွေ ဖြစ်ပါတယ်။

ဒီလိုဆုံးရှုံးနေတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားများဟာ ရန်ကုန်မြို့တော်မှာတင် ကျွန်တော်တို့ သိန်းဂဏန်းလောက် ရှိနိုင်ပါတယ်။ အထူးသဖြင့် ကျွန်တော်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဒဂုံဆိပ်ကမ်းတို့၊ ဒဂုံတောင်တို့မှာဆိုရင် သောင်းဂဏန်းစီလောက်ကို ရှိပါတယ်။ တစ်နိုင်ငံလုံးဆိုရင် နိုင်ငံသားကတ်မရှိလို့ လူသားဘဝ၊ နိုင်ငံသားဘဝ၊ အခွင့်အရေးဆုံးရှုံးနေတဲ့လူတွေဟာ သန်းနဲ့ချီပြီးတော့ ရှိနေနိုင်ပါတယ်။ ခေတ်အဆက်ဆက် ဒီလူတွေကိုပဲ ကျွန်တော်တို့ လာမလုပ်ကြလို့ဆိုပြီးတော့ အပြစ်တင်ခဲ့ကြတာ ဖြစ်ပါတယ်။ လူတိုင်းဟာ ကိုယ့်အတွက်၊ ကိုယ့်သားသမီး၊ မြေးမြစ်တွေအတွက် အခွင့်အရေးဆုံးရှုံးမှာ မလိုလားပါဘူး။ လုပ်နိုင်သလောက်၊ လုပ်တတ်သလောက်၊ ပေးနိုင်သလောက်၊ ပေးကမ်းနိုင်သလောက် လုပ်ခဲ့ကြတာ အားလုံးအသိ ဖြစ်ပါတယ်။ လူတိုင်းမိမိပတ်ဝန်းကျင်က ဖြစ်ပျက်နေတာတွေကိုလည်း ကျွန်တော်တို့ သိပါတယ်။ လူတိုင်း လိုချင်တဲ့သူတွေချည်းပါပဲ။ နိုင်ငံသားကတ်တစ်ခုရဖို့အတွက် အချက်အလက်တွေ ပြည့်စုံအောင် မလုပ်နိုင်လွန်းလို့၊ စီးပွားရေးမပြေလည်လို့၊ ထမင်းနပ်မှန်အောင် ရုန်းကန်နေရတဲ့အတွက် နိုင်ငံသားကတ်ကိစ္စကို လှည့်တောင်မကြည့်နိုင်လွန်းလို့၊ တချို့ကျတော့လည်း လ.ဝ.က ပြောတဲ့အတိုင်း ကြိုးစားပမ်းစား ရှာဖွေလုပ်ကိုင်နေပါလျက် အကြောင်းအမျိုးမျိုးကြောင့်

လုံး၀ လမ်းစပျောက်နေတဲ့အခက်အခဲတွေကြောင့် တိုင်းရင်းသားများစွာဟာ အဲဒီလို တိုင်းရင်းသားများစွာ ရှိနေပါတယ်။

ထိုသူတွေဟာ ကြည့်လိုက်တာနဲ့ ကိုယ့်တိုင်းရင်းသားစစ်စစ်တွေဖြစ်ကြောင်း အလွယ်တကူ သိနိုင်၊ ဆုံးဖြတ်နိုင်တဲ့လူတွေ အများကြီးရှိပါတယ်။ ဒါဆိုရင် ဒီလို ကျွန်တော်တို့ရဲ့ တိုင်းရင်းသား နိုင်ငံသားကတ်မရှိတဲ့သူတွေဟာ လုပ်ထုံးလုပ်နည်းများ၊ သက်မှတ်ချက်များ ပြည့်စုံအောင် ဖြည့်စွက်ဖို့ အခက်အခဲရှိနေလို့ ဒါမှမဟုတ် တိုင်းရင်းသားများရဲ့ ပင်ကိုယ်မူလအားနည်းချက်ကြောင့်ဖြစ်တယ် ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါတွေကို ပြေလည်ဖို့ဆိုရင် ဘိုင်းရင်းသားမှန်းထင်ရှားနေရင် အချက် အလက်များကို ဖြေလျှော့လက်ခံပေးရန်မှတစ်ပါး အခြားမရှိဘူးလို့ တင်ပြလိုပါတယ်။

ဒုတိယ အရေးကြီးတဲ့အချက်ကတော့ ဒီလိုကိစ္စတွေကို မြို့နယ်အလိုက် ၀န်ထမ်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ လုပ်အားပေးတွေ ပူးပေါင်းပြီးတော့ ပြည်သူတွေလာရန်မလိုဘဲ အိမ်တိုင်ရာရောက် ကျွန်တော်တို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တိုင်းရင်းသားစစ်စစ်တွေကို လာမည့် (၆)လအတွင်း တစ်နှစ်အတွင်း တစ်ယောက်မကျန် နိုင်ငံသားကတ် ရရှိစေရမည်ဆိုတဲ့ ကျွန်တော်တို့ စီမံချက်များ ဖြေလျှော့ချမှတ်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို ------(သြဘာသံများ)

**နိုင်ငံခြားသားလက်မှတ် ကိုင်ဆောင်ထားသူ သားသမီးတချို့တို့မှ မြန်မာနိုင်ငံသား မိဘတစ်ဦးဦး၏ နိုင်ငံ၌ အခြေချ နေထိုင်လိုကြ၍ မြန်မာနိုင်ငံသားအဖြစ်ခံယူရန် ဗဟိုအဖွဲ့သို့ လျှောက်ထားလာပါက မိမိ တို့၏ လက်ရှိ ကိုင်ဆောင်ထားသော နိုင်ငံခြားသားလက်မှတ်ကို ဦးစွာ စွန့်လွှတ်ထားရန် လို/မလို (သို့မဟုတ်) နိုင်ငံသားပြုခွင့်လက်မှတ်ကျပြီး နောက်မှ နိုင်ငံခြားသားလက်မှတ်ကို စွန့်လွှတ်နိုင်ခွင့် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က နိုင်ငံခြားသားလက်မှတ် ကိုင်ဆောင်ထားသူ သားသမီးတချို့တို့မှ မြန်မာနိုင်ငံသား မိဘတစ်ဦးဦး၏ နိုင်ငံ၌ အခြေချနေထိုင်လိုကြ၍ မြန်မာနိုင်ငံသားအဖြစ်ခံယူရန် ဗဟိုအဖွဲ့သို့ လျှောက်ထားလာပါက မိမိ တို့၏ လက်ရှိကိုင်ဆောင်ထားသော နိုင်ငံခြားသားလက်မှတ်ကို ဦးစွာစွန့်လွှတ်ရန်လို/မလို (သို့မဟုတ်) နိုင်ငံသားပြုခွင့်လက်မှတ်ကျပြီးမှ နိုင်ငံခြားသားလက်မှတ်ကို စွန့်လွှတ်နိုင်ခွင့် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၈။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိတဲ့ ကိုယ်စားလှယ်များနှင့် အစိုးရတာဝန်ရှိသူများကို မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းကတော့ မြန်မာနိုင်ငံသားလက်မှတ်ကိုင်ဆောင်ထားသူ အမျိုးသား၊ အမျိုးသမီး တစ်ဦးဦးတို့ဟာ ပြည်ပနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်ကြရာမှာ ထိုနိုင်ငံရှိ နိုင်ငံခြားသား၊

နိုင်ငံခြားသူတစ်ဦးဦးနှင့် အိမ်ထောင်ကျကာ သားသမီးများ မွေးဖွားခဲ့ကြသည့်အလျောက် အဆိုပါ သားသမီးတို့မှာလည်း (၁၈)နှစ်ပြည့်ပြီးကြသည့်တိုင် နိုင်ငံခြားသားအဖြစ် ခံယူထားကြလျက် ပြည်ပ နိုင်ငံများ၌ပင် အလုပ်လုပ်ကိုင်နေထိုင်လျက် ရှိနေကြပါတယ်။ ထိုသို့ နိုင်ငံခြားသားလက်မှတ် ကိုင်ဆောင်ထားသူ သားသမီးတချို့တို့မှာ မြန်မာနိုင်ငံသား မိဘတစ်ဦးဦး၏နိုင်ငံ၌ အခြေချနေထိုင်လို ကြ၍ မြန်မာနိုင်ငံသားအဖြစ်ခံယူရန် ဗဟိုအဖွဲ့ကို လျှောက်ထားလာပါက မိမိတို့ကိုင်ဆောင်ထားတဲ့ နိုင်ငံခြားသားလက်မှတ်ကို ဦးစွာစွန့်လွှတ်ထားရန် လို/မလို ဒါမှမဟုတ် နိုင်ငံသားပြုခွင့်လက်မှတ် ကျပြီးနောက်မှ နိုင်ငံခြားသားလက်မှတ်ကို စွန့်လွှတ်နိုင်ခွင့် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့အစိုးရလက်ထက် ၁၇-၈-၂၀၁၁ ရက်နေ့ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း(MICC) မှာ သမ္မတဟောင်းဦးသိန်းစိန်မှ ပြည်ပနိုင်ငံရောက် မြန်မာနိုင်ငံသားများ ရာဇဝတ်မှုကျူးလွန်ထားခြင်း မရှိခဲ့လျှင်ဖြစ်ဖြစ်၊ ကျူးလွန်ထားသည့်တိုင်အောင် ထိုက်သင့်တဲ့ပြစ်ဒဏ်ကိုခံယူဖို့ပဲဖြစ်ဖြစ် ပြန်လာမယ် ဆိုရင် သဘောထားကြီးစွာနဲ့ စဉ်းစားပေးသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။ မိမိတို့ဆန္ဒရှိပါက မြန်မာနိုင်ငံ သို့ ပြန်လာနိုင်ကြောင်း ဖိတ်ခေါ်ခဲ့တဲ့အားလျော်စွာ ပြန်လည်ရောက်ရှိလာသူတို့ကို တွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကိစ္စက နိုင်ငံသားဥပဒေ ပုဒ်မ ၄၃(က)မှာ နိုင်ငံသားနှင့် နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားသူများက နိုင်ငံသားပြုခွင့်ရသူအဖြစ် လျှောက်ထားနိုင်ကြောင်းနှင့် ယင်းဥပဒေ ပုဒ်မ ၄၂၊ ၄၃ တို့နှင့် ကိုက်ညီရန်လိုအပ်ကြောင်း ပြဋ္ဌာန်းချက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံသားဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်း ပုဒ်မ ၄၀ အရ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် အဆုံးအဖြတ်ခံယူရန် ဗဟိုအဖွဲ့ထံသို့ တိုက်ရိုက်လျှောက်ထားနိုင်ကြောင်းလည်း ဖော်ပြထားပါတယ်။ ပုဒ်မ ၄၂ ကတော့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီက နိုင်ငံတော်အတွင်း ရောက်ရှိ နေထိုင်သူ၊ ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားတဲ့သားသမီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေသူများကိစ္စ ဖြစ်ပါတယ်။ ပုဒ်မ ၄၃ ကတော့ ဤဥပဒေအရ အာဏာတည်သည့်နေ့မှစ၍ နိုင်ငံအတွင်း၌ဖြစ်စေ၊ နိုင်ငံပြင်ပ၌ဖြစ်စေ မွေးဖွားသူတို့ကိစ္စ ဖြစ်ပါတယ်။ ဗဟိုအဖွဲ့ကို နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်တယ်ဟု ပြဋ္ဌာန်းချက်များလည်း ရှိပါတယ်။ ပုဒ်မ ၄၃(က)မှာတော့ နိုင်ငံသားနှင့်နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားသူများဟု ဖော်ပြ ထားပါတယ်။ ယင်းဥပဒေ ပုဒ်မ ၄၂၊ ၄၃ တို့နှင့် ကိုက်ညီရန် လိုအပ်ကြောင်းလည်း ပြဋ္ဌာန်း ထားတဲ့အတွက် ထိုနိုင်ငံခြားသားအဖြစ် ခံယူထားသူ သားသမီးတို့အနေဖြင့် ကိုင်ဆောင်ထားမြဲ နိုင်ငံခြားသားလက်မှတ်ကို ဦးစွာ စွန့်လွှတ်ထားပြီးမှ ဗဟိုအဖွဲ့သို့ လျှောက်ထားရမှာလား၊ ဒါမှမဟုတ် နိုင်ငံခြားသားလက်မှတ် ကိုင်ဆောင်ထားစဉ်မှာပဲ လျှောက်ထားခွင့်ရမှာလားဆိုတာကို သိရှိလိုပါတယ်။

နိုင်ငံခြားသားလက်မှတ်ကို ဦးစွာ စွန့်လွှတ်ထားပြီးမှ လျှောက်ထားရမည်ဆိုပါလျှင် အကယ်၍ ဗဟိုအဖွဲ့မှ ငြင်းပယ်လိုက်လျှင် နိုင်ငံမဲ့ (Stateless) ဖြစ်သွားနိုင်သော အန္တရာယ်ရှိနိုင်၍ သိလို သောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ လုပ်ငန်းခွင်မှတစ်ဆင့် သက်မွေးမှုသင်တန်းကျောင်းများတွင် ပညာသင်ကြားနိုင်ရေးနှင့် ကလေးလုပ်သား လျှော့ချနိုင်ရေး အစီအစဉ်တို့ကို အစိုးရမှ မူဝါဒရေးဆွဲပြီး ထိရောက်သောစီမံချက်များ၊ ဥပဒေများ ရေးဆွဲ၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ လုပ်ငန်းခွင်မှတစ်ဆင့် အသက်မွေးမှုသင်တန်းကျောင်းများတွင် ပညာသင်ကြားနိုင်ရေးနှင့် ကလေးလုပ်သား လျှော့ချနိုင်ရေး အစီအစဉ်တို့ကို အစိုးရမှ မူဝါဒရေးဆွဲပြီး ထိရောက်သောစီမံချက်များ၊ ဥပဒေများရေးဆွဲ၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၃။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကလေးလုပ်သားဆိုသည်မှာ အသက်(၁၄)နှစ်ပြည့်ပြီး (၁၆)နှစ်အောက် သတ်မှတ်ထားပြီး အသက်(၁၄)နှစ်အောက်ကို အလုပ်မခန့်ရဟု ဥပဒေအရလည်း သတ်မှတ်ထားပါတယ်ရှင်။ ကလေးလုပ်သားများအတွက် အလုပ်ချိန်ဟာ (၄)နာရီဟုလည်း ဥပဒေအရ သတ်မှတ်ထားပါတယ်။ သို့သော်လည်းပဲ (၁၄)နှစ်အောက် ကလေးများဟာ လုပ်ငန်းခွင်များတွင် ရောက်ရှိနေသည်ကိုလည်း တွေ့မြင်ကြရမှာ ဖြစ်ပါတယ်ရှင်။ ထို့အပြင် (၁၄)နှစ်ပြည့်ပြီး (၁၈)နှစ်အောက်ကလေးများသည်လည်း သူတစ်ပါးမှတ်ပုံတင်များဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် ဝင်ရောက်လုပ်ကိုင်လျက်လည်း ရှိနေကြပါတယ်။ လုပ်ငန်းရှင်များက ထိုအရာကို သိသော်လည်းပဲ မျက်ကွယ်ပြုလျက် ရှိနေပါတယ်။ ထို့ကြောင့် ကလေးအလုပ်သမားများနှင့် (၁၄)နှစ်အောက် ကလေးအလုပ်သမား စာရင်းအမှန်ကို ရရှိဖို့လည်း ခက်ခဲနေပါတယ်ရှင်။ ဒါဟာ သက်ဆိုင်သူများရဲ့ ဥပဒေအကောင်အထည်ဖော်မှု အားနည်းခြင်းနှင့် လုပ်ငန်းရှင်များရဲ့ ဥပဒေကို မလိုက်နာခြင်းများကြောင့်လည်း ဖြစ်ပါတယ်။ ထိုအရာကား တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသကဲ့သို့ နိုင်ငံတော်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အဟန့်အတား ဖြစ်စေပါတယ်။ လူကုန်ကူးမှုကိုလည်း အလွယ်တကူဖြစ်စေပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကလေးလုပ်သားများကြောင့် ပညာမတတ်သောကလေးများနှင့် ကျွမ်းကျင်မှုနည်းပါးသော ကလေးအလုပ်သမားအင်အားဖြစ်ပေါ်စေပြီး နိုင်ငံ၏စွမ်းဆောင်ရည်ယှဉ်ပြိုင်မှုအပေါ်လည်း အကျိုးသက်ရောက်စေပါတယ်။ ကလေးလုပ်သားတစ်ဦးရဲ့လစာဟာ (၅၀၀၀၀)ကျပ်မှ (၇၀၀၀၀)ကျပ်သာ ရှိနေခြင်းကြောင့် ဈေးသက်သာသော အလုပ်သမားအင်အားကို အထောက်အပံ့လည်း ဖြစ်နေပါတယ်။ ဒီလိုပဲ ကလေးလုပ်သားများရှိနေခြင်းဟာ လူကြီးများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်

ရရှိရန် အခြေအနေကိုလျော့ပါးစေပြီး မိသားစုရဲ့စီးပွားရေး လိုအပ်ချက်ကိုလည်း ပို၍ခက်ခဲစေပါတယ်။ မြန်မာနိုင်ငံမှာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်နေပါသော်လည်းပဲ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရဲ့ ၂၀၁၅ ခုနှစ်မှာ ကောက်ယူခဲ့တဲ့စစ်တမ်းအရ အသက်(၅)နှစ်မှ အသက်(၁၇)နှစ်ကြားမှာရှိတဲ့ ကလေးသူငယ်ဦးရေ (၁၂)သန်းကျော်ရှိကြောင်း သိရှိရပြီးတော့ (၆.၅)ရာခိုင်နှုန်းဟာ လမ်းခုလတ်မှာပဲ ပညာရေးကိုစွန့်ခွာပြီး အလုပ်ထဲကို ဝင်ရောက်နေရကြောင်း သိရှိရတယ်။ ဒီကလေးတွေဟာ လ္ဘက်ရည်ဆိုင်မှာ စားပွဲထိုးတွေ၊ ဘုရားပန်းရောင်းချနေတဲ့ ပန်းသည်ကလေးလေးတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ဘိလပ်မြေ ဖျော်တယ်၊ အုတ်၊ သဲလုပ်ငန်းများမှာ အုတ်သယ်၊ ကျောက်သယ် လုပ်နေရတယ်ဆိုတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီလိုဖြစ်ရတဲ့အကြောင်းရင်းက အလုပ်ရှင်များဟာ ကလေးလုပ်သား အသုံးပြုနေခြင်းကိုသူက အလေ့အထလိုဖြစ်နေပြီးတော့ မိသားစုရဲ့ စားဝတ်နေရေးကိုလည်း ကလေးတွေက တစ်ဖက်တစ်လမ်းမှ ကူညီနေရတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒီအခြေအနေဟာ မိဘများရဲ့ ဗဟုသုတနည်းပါးခြင်းကိုလည်း ထည့်သွင်းစဉ်းစားရမှာလည်း ဖြစ်ပါတယ်။ ကလေးလုပ်သား လျှော့ချရေးမှသည် ပပျောက်ရေးဆီသို့ ဦးတည်ဆောင်ရွက်ရာတွင် အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရန်လည်း လိုပါတယ်။ ကလေးလုပ်သား ခိုင်းစေခြင်းအား တားမြစ်သည့်အသိပေးကြော်ငြာချက်များ ပြည်သူများ သိရှိနားလည်စေရန်နှင့် မိဘများအား မိမိတို့ရဲ့ အနာဂတ်စိတ်ချရန် ရင်းနှီးမြှုပ်နှံမှုဟာ သားသမီးများရဲ့ ပညာရေးမှာ ရင်းနှီးမြှုပ်နှံသင့်တယ်ဆိုတဲ့ ပညာပေးဇာတ်လမ်းများ၊ ဗီနိုင်းများ၊ လက်ကမ်းစာစောင်များ၊ ကာတွန်းပြကွက်များဖြင့် ရုပ်မြင်သံကြားအစီအစဉ်၊ ရေဒီယိုအသံလွှင့်ဌာနတို့မှ ပြည်သူများကို အသိပညာပေးအစီအစဉ်များစွာကိုလည်း ထုတ်လွှင့်သင့်ပါတယ်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် စက်ရုံ၊ အလုပ်ရုံ၊ လ္ဘက်ရည်ဆိုင်၊ စျေးဆိုင်တွေဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ ကလေးလုပ်သား အသုံးပြုနေမှုကို ဥပဒေနှင့်အညီလည်းထိရောက်စွာ အရေးယူသင့်ပါတယ်။ ဒီနေရာမှာ ပြည်သူတွေရဲ့ တိုင်ကြားစာကို စောင့်ဆိုင်းမနေဘဲ မိမိတို့ရဲ့ တာဝန်တစ်ရပ်အဖြစ် ဥပဒေကို အကောင်အထည်ဖော်စေချင်ပါတယ်။ ကျွန်မတို့လို ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ကြုံတွေ့နေရတဲ့ ကလေးလုပ်သားပြဿနာဖြစ်ပေမယ့်လည်း ဒီဟာ ဖြေရှင်းမရတဲ့ပြဿနာတော့ မဖြစ်လောက်ပါဘူး။ ဥပမာအားဖြင့် ဘရာဇီးနိုင်ငံမှာ ဆိုလို့ရှိရင် မူလတန်းနဲ့အလယ်တန်းပညာရေးစနစ်မှာ အစိုးရမှ ရင်းနှီးမြှုပ်နှံမှု အများကြီးပြုလုပ်တဲ့အတွက်ကြောင့်မို့လို့စျေးကွက်ရဲ့ လိုအပ်ချက်နှင့်ညီတဲ့ အသက်မွေးဝမ်းကျောင်းအစီအစဉ် သင်တန်းများကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ကလေးလုပ်သား(၄၀)ရာခိုင်နှုန်းအထိ လျော့ကျသွားတယ်လို့ ခလေ့လာသိရှိရပါတယ်။

ထို့ကြောင့် ကျွန်မတို့ရဲ့ ကလေးများသည်လည်း အခြေခံပညာရေးမှ အကြောင်းအမျိုးမျိုးကြောင့်ကျန်ရစ်ခဲ့တဲ့ကလေးများအတွက် သက်မွေးသင်တန်းကျောင်း များစွာလိုအပ်နေပြီလည်း ဖြစ်ပါတယ်။ အစိုးရက ဘတ်ဂျက်များ ရေးဆွဲရာမှာလည်း ကလေးလုပ်သား လျှော့ချနိုင်ရေးကို ဝန်ကြီးဌာနအသီးသီးကချိတ်ဆက်မှု အားကောင်းကောင်းဖြင့် ဆောင်ရွက်သင့်ပြီး ဒီဘတ်ဂျက်ရေးဆွဲတဲ့နေရာမှာလည်း ကလေးလုပ်သား လျှော့ချနိုင်ရေးကိုလည်း အလေးထား ထည့်သွင်းရေးဆွဲရမှာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့

အနာဂတ်ဟာ ကလေးများလက်ထဲမှာရှိပြီးတော့ ကလေးများဟာ ယခု တိုင်းပြည်ကို ဦးဆောင်နေသူများနဲ့ မိဘများရဲ့လက်ထဲမှာ တည်ရှိနေပါတယ်။ ဒီ ပြည်သူတင်မြှောက်ထားတဲ့အစိုးရလက်ထက်မှာ လုပ်ငန်းခွင်ထဲမှာ ရောက်ရှိနေတဲ့ကလေးများရဲ့------------

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၄း၀၈။**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းရဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်လျက်ရှိကြတဲ့ နိုင်ငံသားများအတွက် ကိုးကွယ်တဲ့ဘာသာသာသနာနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိကြောင်း ဒါကိုယ်စားလှယ်ကြီးလည်းပဲ ပုဒ်မ အကိုးအကားများနဲ့ တင်ပြပြီးဖြစ်ပါတယ်။ အလားတူပါပဲ ကျွန်တော်တို့ အခြေခံဥပဒေ ပုဒ်မ ၃၆၁ မှာ နိုင်ငံတော်ဟာ ဗုဒ္ဓဘာသာ၊ သာသနာတော်ကို နိုင်ငံတော်ရဲ့ နိုင်ငံသားများ အများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်လို့ ဖော်ပြထားပါတယ်။

ပုဒ်မ ၃၆၂ မှာလည်းပဲ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်လို့ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ပြည်သူများနိုင်ငံသားစိစစ်ရေးကတ်ပြားများ စတင်လျှောက်ထားတဲ့အခါမှာ ကိုယ်ရေးမှတ်တမ်းပုံစံ နိုင်-၂ မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ကိုးကွယ်သည့်ဘာသာ ဖြည့်သွင်းမှုနှင့်ပတ်သက်ပြီးတော့ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်၊ ခရစ်ယာန်၊ နတ်ကိုးကွယ်သူဟု ဆိုပြီးတော့မှ၊ အဆိုပါ (၅)ခုကို ရေးသွင်းပြီးတော့မှ အဲဒီ သတ်မှတ်ထားတဲ့(၅)ခုမှာ မပါဝင်တဲ့ ဘာသာကိုးကွယ်သူများကို အခြားဘာသာဟု ရေးသွင်းရမည်ဟု သတ်မှတ်ညွှန်ကြားထားပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားစဉ်က ဖြည့်သွင်းဆောင်ရွက်ထားတဲ့ ကိုးကွယ်တဲ့ဘာသာကို ကာယကံရှင်အနေနဲ့ ပြောင်းလဲလိုလျှင်လည်းပဲ လိုအပ်သော

အထောက်အထားများ တင်ပြပြီးတော့မှ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများရဲ့ စိစစ်ချက်နဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပုဒ်မ ကျွန်တော် အထက်က တင်ပြခဲ့တဲ့ ၃၆၁၊ ၃၆၂ တို့အရ ဘာသာသာသနာ(၅)မျိုးမှာ နိုင်ငံတော်တွင် ရှိကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသော်လည်းပဲ ကျွန်တော်တို့ အခြားဘာသာဝင်များကို အခြားဘာသာဝင်များအဖြစ် သတ်မှတ်ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးမေးခွန်းမှာပါတဲ့ မေတ္တာပြဟ္မစိုရ် တိုင်းရင်းသားဘာသာဝင်များကိုလည်းပဲ အခြားဘာသာဝင်လို့ ကျွန်တော်တို့ ဖြည့်သွင်းရခြင်းဖြစ်ပါတယ်။ အဲဒီလို ဖြည့်သွင်းရခြင်းမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၁၊ ၃၆၂ တို့နဲ့ ညီညွတ်မှု မရှိတဲ့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ မေတ္တာပြဟ္မစိုရ် တိုင်းရင်းသားဘာသာအား အခြားဘာသာကိုးကွယ်သူအဖြစ်သာ ထည့်သွင်း ဆောင်ရွက်ပေးနိုင်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်ပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးကတစ်ဆင့် ဆက်လက် ရှင်းလင်းဖြေကြားသွားပါမယ်။ ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်းမှာ၊ လက်ရှိနေထိုင်ရာဒေသမှာ အိမ်ထောင်စုဦးရေစာရင်း မရှိကြသူများကို စိစစ်တဲ့နေရာမှာ စီးပွားရေး၊ လူမှုရေး စတဲ့ အကြောင်းအမျိုးမျိုးဖြင့် ရွှေ့ပြောင်းနေထိုင်ကြသူများ အနက် အချို့ဟာ နေရပ်လိပ်စာပြောင်းရွှေ့ပုံစံ(၁၀) တရားဝင်ရယူပြီးတော့မှ ပြောင်းရွှေ့နေထိုင်ကြသော်လည်းပဲ အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် မူလနေထိုင်ရာဒေသက ပြောင်းရွှေ့ပုံစံ(၁၀) ထုတ်ယူခဲ့ခြင်းမရှိသူများ မူလနေထိုင်ရာဒေသက ပြောင်းရွှေ့ပုံစံ(၁၀)ထုတ်ယူခဲ့သော်လည်း အထောက်အထား မပြည့်စုံတဲ့အတွက် အိမ်ထောင်စုလူဦးရေစာရင်း မပြုလုပ်ရသေးသူများနှင့် အစဉ်အဆက် ပျံကျနေထိုင်ပြီးတော့မှ အိမ်ထောင်စုလူဦးရေစာရင်း မရှိသူများဟူ၍ အမျိုးမျိုးဖြစ်ပေါ်နေကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကိုယ်စားလှယ်တော်ကြီးဆွေးနွေးတဲ့ အချက်များလည်းပဲ အရှိတရား၊ အမှန်တရားများ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်းပဲ တိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းများမှာ ပြည်သူလူထုဝန်ထုပ်ဝန်ပိုးလျော့ပါးပြီးတော့မှ လွယ်ကူမြန်ဆန်စေရန်အတွက် ယခင်က အိမ်ထောင်စုလူဦးရေစာရင်းတစ်စောင် ဖြည့်စွက်ရေးအတွက် လိုအပ်တဲ့အထောက်အထား (၁၀)ချက်အစား (၅)ချက်အထိ ဖြေလျှော့ထားပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရာတွင်လည်းပဲ ယခင်က တိုင်းရင်းသားများကို ခရိုင်ဦးစီးမှူးလက်မှတ်ထိုးထုတ်ပေးခြင်းအစား မြို့နယ်ဦးစီးမှူးက လက်မှတ်ရေးထိုးထုတ်ပေးခွင့်ပြုနေပါတယ်။ တိုင်းရင်းသားများအတွက် အထောက်အထားပြည့်စုံမယ်ဆိုရင် အများဆုံး (၂၈)ရက်အတွင်း အပြီးဆောင်ရွက်ပေးပြီးတော့မှ အထောက်အထားပြည့်စုံမယ်ဆိုရင် One Stop Service နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကိုလည်း လုပ်ဆောင်နေပါတယ်။ အထောက်အထားမပြည့်စုံသော်

လည်းပဲ တိုင်းရင်းသားမှန်ကန်တယ်ဆိုလို့ရှိရင် မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး စိစစ်ကြီးကြပ်ရေးကော်မတီ(၅)ဦးကော်မတီ ထောက်ခံချက်နဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ ရပ်ကွက်၊ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းများကိုလည်းပဲ လုပ်ငန်းအခြေအနေအရ အခါအားလျော်စွာ ကွင်းဆင်းပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် မူလနေထိုင်ရာအရပ်ဒေသမှ ပြောင်းရွှေ့ပုံစံ(၁၀) ထုတ်ယူခြင်းမရှိဘဲနဲ့ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သူ တိုင်းရင်းသားများကို လူမှုရေး၊ စီးပွားရေး၊ ပညာရေး စတဲ့ အခက်အခဲများ ပြေလည်စေဖို့အတွက် ရည်ရွယ်ပြီးတော့မှ၊ ထပ်မံပြီးတော့မှ ဖြေလျှော့ထားပါတယ်။ နေရပ်လိပ်စာပြောင်းရွှေ့ခြင်း ပုံစံ(၁၀)မပါရှိစေကာမူ အဲဒီအချက်ကို ထပ်မံဖြေလျှော့ပြီးတော့မှ ကာယကံရှင်များကိုယ်တိုင် မူလနေထိုင်ရာသို့ ပြန်လည်စေလွှတ်ခြင်း မပြုတော့ဘဲနဲ့ သက်ဆိုင်ရာ မြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ပြီးတော့မှ၊ သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီးတော့မှ မှန်ကန်တယ်ဆိုရင် လက်ရှိရောက်ရှိတဲ့ဒေသ၌မှာပဲ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ထုတ်ပေးပြီးတော့မှ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်း လုပ်ငန်းများကိုလည်း ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ် အားလုံးမှာ ယနေ့အထိ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော် တင်ပြချင်တဲ့အချက်ကတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အတွင်း နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားပြည်သူများ အဓိကလိုအပ်ချက်ဖြစ်တဲ့ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးမှုများနှင့် ပတ်သက်ပြီးတော့မှ ပြည်သူလူထု ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကိစ္စရပ်များ မဆုံးရှုံးစေဖို့အတွက်ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း ရရှိနိုင်ရေးအတွက် ဖြေလျှော့မှုများကို သတ်မှတ်ထားတဲ့ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ အိမ်ထောင်စုလူဦးရေစာရင်း မရှိသူများကို လက်ရှိ မြေပြင်အခြေအနေအတိုင်း ကျွန်တော်တို့ သက်ဆိုင်ရာ မြို့နယ်များကို မစစ်ဆေး၊ အတည်ပြုခြင်းမရှိဘဲနဲ့ နေထိုင်သည်မှာ မှန်ကန်ကြောင်းကတ်ပြားနှင့် အိမ်ထောင်စု စာရင်းဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့ မြို့နယ်(၂)ခုမှာ လူဦးရေစာရင်း ထပ်ခြင်းဖြစ်ပေါ်မှာ ဖြစ်ပါတယ်။ လူဦးရေဖောင်းပွလာမှာ ဖြစ်ပါတယ်။ အချို့မှာလည်းပဲ အကြောင်းအမျိုးမျိုးကြောင့် မူလနေထိုင်ရာ ဒေသအပါအဝင် ကိုယ်ရေးအချက်အလက်များ မမှန်မကန်ဖော်ပြနေပြီးတော့မှ မူလကိုယ်ရေးအချက်များကို ဖုံးကွယ်မှုများ ရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးမှာလည်းပဲ မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်နိုင်ပါတယ်၊

ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ နိုင်ငံသားများအတွက် နိုင်ငံသားမှတ်ပုံတင်ကတ်ပြားနှင့် သန်းခေါင်စာရင်းစာရွက်တို့ကို (၆)လအတွင်း ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့ကိစ္စမှာ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းအင်အား၊ ကျွန်တော်တို့ ဝန်ကြီးဌာနကို သတ်မှတ်ပေးထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့ဆောင်ရွက်ရတဲ့လုပ်ငန်း ပမာဏကို ကျွန်တော်တို့ ပြန်လည်တွက်ဆတဲ့အခါမှာ ဝန်ကြီးဌာနအနေနဲ့ အခက်အခဲများစွာ ရှိနေ

ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ စေတနာနဲ့ ပြည်သူများရဲ့ လိုအပ်ချက်ကိုလည်းပဲ ကျွန်တော်တို့ သဘောပေါက်ပါတယ်။

သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့အတိုင်း (၆)လအတွင်း ဆောင်ရွက်ပေးနိုင်ခြင်းတော့ ဝန်ကြီးဌာနအနေနဲ့ လောလောဆယ် မရှိသေးပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားပြည်သူလူထုများရဲ့ အိမ်ထောင်စု လူဦးရေစာရင်းနဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းများကို ပြည်သူလူထုဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး၊ လွယ်ကူ လျှင်မြန်စွာ ရရှိရေးတို့ကိုတော့ ကျွန်တော်တို့ ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးထားပြီးတော့မှ စိစစ်မှုလုပ်ငန်းများ၊ ဆောင်ရွက်မှုများကိုလည်းပဲ ကြန့်ကြာမှုမရှိစေရေး တွန်းအားပေး လုပ်ဆောင်လျက် ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်ပြီးတော့မှ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် ဖြေရမယ် ဆိုရင် နိုင်ငံခြားသားလက်မှတ် ကိုင်ဆောင်ထားသူအနေနဲ့ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား ပြုခွင့်ရသူအဖြစ် ဗဟိုအဖွဲ့ကို လျှောက်ထားမယ်ဆိုရင် လက်ရှိကိုင်ဆောင်ထားတဲ့ နိုင်ငံခြားသား လက်မှတ်ကို ဦးစွာစွန့်လွှတ်ရန် မလိုပါဘူး။ နိုင်ငံသားပြုခွင့်ရသူအဖြစ် ဗဟိုအဖွဲ့မှ သတ်မှတ်ပြီးတော့ နိုင်ငံသား ပြီးတဲ့အချိန်မှသာ နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း နိုင်ငံတော်ရဲ့သစ္စာကို ခံယူကြောင်း၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄၆(ခ)နှင့်အညီ ကတိသစ္စာပြုပြီးမှသာ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး စိုးရိမ်နေတဲ့ ကျွန်တော်တို့ လျှောက်ထားစဉ်ကာလမှာ နိုင်ငံခြားသား အဖြစ်ကို စွန့်လွှတ်လိုက်မယ်ဆိုရင် နိုင်ငံမဲ့ဖြစ်သွားမယ့်ကိစ္စကိုလည်းပဲ နိုင်ငံတော်အနေနဲ့ ဝန်ကြီးဌာန အနေနဲ့ ကြိုတင်မျှော်တွေးပြီးတော့မှ ကျွန်တော်တို့ နိုင်ငံသားလက်မှတ်ကို ကိုင်ဆောင်ထားသူများဟာ ဗဟိုအဖွဲ့ကို လျှောက်ထားတဲ့အချိန်မှာ နိုင်ငံခြားသားလက်မှတ်ကို စွန့်လွှတ်ရန် မလိုပါဘူးခင်ဗျား။ နိုင်ငံတော်မှာ တာဝန်ပေးထားတဲ့ နိုင်ငံသား ပြုခွင့်ရသူအဖြစ် ဗဟိုအဖွဲ့မှ သတ်မှတ် ဆုံးဖြတ်ပြီးတဲ့ အချိန်မှသာ နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း၊ နိုင်ငံတော်ရဲ့သစ္စာကို ခံယူကြောင်း၊ မြန်မာ နိုင်ငံသားဥပဒေနှင့်အညီ ပုဒ်မ ၄၆(ခ) တို့နဲ့အညီ ကတိသစ္စာပြုပြီးမှသာ နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်ကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား။ ဆက်လက်ပြီးတော့မှ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ဖြေကြားလိုပါတယ်။

မြန်မာနိုင်ငံမှာ ကလေးလုပ်သားများ လုပ်ငန်းခွင်မှတစ်ဆင့် အသက်မွေးမှုသင်တန်းကျောင်း များမှာ ပညာသင်ကြားနိုင်ရေးနှင့် ကလေးလုပ်သားလျှော့ချနိုင်ရေး အစီအစဉ်များကို အစိုးရအနေနဲ့

မှုဝါဒရေးဆွဲပြီးတော့မှ ထိရောက်တဲ့အစီအမံများ၊ ဥပဒေများ ကျွန်တော်တို့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ကလေးလုပ်သားများနဲ့ ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ အစိုးရအဖွဲ့များ၊ ILO, UNICEF, INGO, NGO, CSO အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးတော့မှ ကျွန်တော်တို့ စီမံချက်များ၊ အစီအစဉ်များကို ဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော်တို့ ဖြေကြားလိုပါတယ်။ ပိုမိုပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ချက်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိစေရေးအတွက် ကျွန်တော် အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ILO ပြဋ္ဌာန်းချက်အမှတ် (၁၈၂) အဆိုးရွားဆုံးပုံစံ ကလေးအလုပ်သမား ခိုင်းစေခြင်းဆိုင်ရာ သဘောတူညီချက်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကျွန်တော်တို့ အကောင်အထည်ဖော်မှုအစီရင်ခံစာကိုလည်းပဲ ILO ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ တင်သွင်းနိုင်ခဲ့ပြီးတော့မှ ကလေးအလုပ်သမား ပပျောက်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိပါတယ်။ ILO အနေနဲ့ အမေရိကန်နိုင်ငံ အလုပ်သမားဌာနရဲ့ ငွေကြေးအထောက်အပံ့နဲ့ ဒေါ်လာ(၅)သန်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကလေးအလုပ်သမားများ ပပျောက်ရေးအစီအစဉ်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ (၄)နှစ်တာစီမံကိန်း ချမှတ်ပြီးတော့မှ ကျွန်တော်တို့ အစိုးရနဲ့ ပူးပေါင်းပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်ပါတယ်။

အလုပ်လုပ်တဲ့ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဌာနအောက်မှာရှိတဲ့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီမှာ အဖွဲ့ဝင်ဖြစ်ပါတယ်။ ကလေးသူငယ်အလုပ်သမားဆိုင်ရာ နည်းပညာရပ်ဝန်းအဖွဲ့ (TWG-CL) ရဲ့ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်နေပါတယ်။ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ် လုပ်ငန်းအဖွဲ့ (TWG-CL)ကို အဖွဲ့ဝင်(၃၁)ဦးနဲ့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှာ ဖွဲ့စည်းပြီးတော့မှ အဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလမ်းညွှန်ချက်များ (Operational Guideline)နှင့် သတ်မှတ်တာဝန်များ၊ လုပ်ပိုင်ခွင့်များ (Terms of Reference)တို့ကို ရေးဆွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေးအတွက် အလုပ်သမားများရဲ့ အလုပ်လုပ်နိုင်တဲ့ အနိမ့်ဆုံးအသက်ကို ကျွန်တော်တို့ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်သမား အလုပ်ဌာနများဥပဒေတို့တွင် ယခင်တုန်းက (၁၃)နှစ်မှ (၁၄)နှစ်ဟု ILO ရဲ့ ပြဋ္ဌာန်းချက် အမှတ်(၁၃၈)နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းပြီး ဖြစ်တဲ့အပြင် ကျွန်တော်တို့ ကလေးအလုပ်သမားဆိုင်ရာ ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်းကိုလည်းပဲ ရေးဆွဲနိုင်ရေးကို (TWG-CL)အဖွဲ့နှင့် ပူးပေါင်းပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ကလေးအလုပ်သမားများဆိုင်ရာ အသိအမြင် မြှင့်တင်ရေး အစီအစဉ်များ ဆွေးနွေးပို့ချခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တိုက်ရိုက်ကြားဝင်ထောက်ပံ့ရေး ကနဦးစီမံချက် (Pilot Project) နေရာဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်နှင့် မွန်ပြည်နယ်၊ ရေးမြို့နယ်တို့တွင် ပညာရေးဆိုင်ရာလိုအပ်ချက်များ အကဲဖြတ်ခြင်း၊ ကလေးလုပ်သားများရဲ့ အသိပညာ၊ သဘောထားခံယူချက် အလေ့အထများကို လေ့လာခြင်းတို့ကို ILO နဲ့ ပူးပေါင်းပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ကလေးလုပ်သားလျှော့နည်းပပျောက်ရေးနှင့် စပ်လျဉ်းပြီးတော့မှ ILO နဲ့ ပူးပေါင်းပြီးတော့မှ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (Myanmar Plan of Elimination of Child Labour) (My-PEC)အစီအစဉ်အရ အလုပ်ရုံဆွေးနွေးပွဲ (၁၄)ကြိမ်၊ TWG-CL မျက်နှာစုံညီ အစည်းအဝေး(၁၅)ကြိမ်နဲ့ အသိအမြင် မြှင့်တင်ရေးဆွေးနွေးပွဲ(၁၇)ကြိမ်၊ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အခမ်းအနား(၃)ကြိမ်ကို ဆက်စပ်သူဝန်ကြီးဌာနများ ကျွန်တော်တို့ CSO များ၊ NGO များ၊ INGO များနဲ့ သက်ဆိုင်သူ ဌာနအသီးသီးက ပုဂ္ဂိုလ်များနဲ့ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ ကလေးသူငယ်အခွင့်အရေးများနဲ့ ပတ်သက်ပြီးတော့မှ နိုင်ငံပိုင်မီဒီယာဖြစ်တဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ကလည်းပဲ ကလေးအခွင့်အရေးအားလုံးကို မည်သည့်အခြေအနေမှာမဆို ကလေးတိုင်းရပိုင်ခွင့်ရှိသည်ဆိုတဲ့ အမည်ဖြင့်လည်းကောင်း၊ အရွယ်မရောက်သေးသူ ကလေးစစ်သားစုဆောင်းမှု မရှိစေရေးအမည်ဖြင့်လည်းကောင်း ထုတ်ဝေပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ဆက်ဆံရေးဦးစီးဌာနရုံးများမှာ ကလေးအလုပ်သမားကိစ္စနဲ့ဆက်နွယ်တဲ့ လူကုန်ကူးမှု တိုက်ဖျက်ရေး ဆောင်ရွက်နေမှုအနေနဲ့ နံရံကပ်စာစောင်တင်ပြမှု (၁၁၇၆)ကြိမ်၊ ဓါတ်ပုံပြပွဲ ပြသနိုင်မှု (၅၅၄)ကြိမ်၊ ဟောပြောပွဲဆောင်ရွက်နိုင်မှု (၁၀၉၅)ကြိမ် တို့ကိုလည်းပဲ ကျွန်တော်တို့ ကလေးလုပ်သားများနဲ့ ပတ်သက်ပြီးတော့မှ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

သတင်းဆောင်းပါးများကိုလည်းပဲ နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းပြီးတော့မှ ဆက်လက်ဖော်ပြနေပါတယ်။ ဆက်လက်ပြီးလည်း ဖော်ပြသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ရန်ကင်း၊ မန္တလေး၊ မြောက်ဒဂုံတို့မှာ အသက်မွေးပညာနှင့် ပတ်သက်ပြီးတော့မှ အခြေခံသံဂဟေဆက်သင်တန်း၊ အခြေခံလျှပ်စစ်သင်တန်း၊ အဲယားကွန်း ပြုပြင်တပ်ဆင်မှုသင်တန်းများ၊ ဆောက်လုပ်ရေးသင်တန်းများကိုလည်းပဲ ဆက်လက်စဉ်ဆက်မပြတ် နှစ်စဉ်ပို့ချလျက်ရှိပါတယ်။

အလားတူ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (National Action Plan) ရေးဆွဲနိုင်ရေးနဲ့ စပ်လျဉ်းပြီးတော့မှ အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲကိုလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မတ်လအတွင်းက ကျွန်တော်တို့ နေပြည်တော်မှာပဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ရရှိတဲ့ရလဒ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ မိတ်ဖက်အဖွဲ့အစည်းများနဲ့

ပတ်သက်ပြီးတော့မှ National Action Plan on Child Labour ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ကာလရှည်စီမံကိန်းအဖြစ် ၂၀၁၈ ခုနှစ် မှ ၂၀၃၃ ခုနှစ်အထိ (၁၅)နှစ် သတ်မှတ်၍လည်းကောင်း၊ ကာလတိုစီမံကိန်းအဖြစ် ပထမ(၅)နှစ်ကို ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိလည်းကောင်း၊ ဒုတိယ(၅)နှစ်အဖြစ် ၂၀၂၄ မှ ၂၀၂၈ အထိလည်းကောင်း၊ တတိယ(၅)နှစ် အဖြစ် ၂၀၂၈ မှ ၂၀၃၃ ခုနှစ်အထိလည်းကောင်း သတ်မှတ်ပြီးတော့မှ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပထမ(၅)နှစ် ကာလအတွင်း ကျွန်တော်တို့ အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့် အကောင်အထည် ဖော်ဆောင်ရွက်ဖို့ စီစဥ်လျက်ရှိပါတယ်။ အဲဒီ ရည်ရွယ်ချက်များကတော့ မသင်မနေရပညာရေး စနစ်ကို ထည့်သွင်း စဥ်းစားဖို့၊ အလယ်အလတ်ပညာရေးအဆင့် ရရှိပြီးသည့် ကလေးများကိုလည်းပဲ အသက်မွေးခွင့်ပညာ သင်ကြားခွင့်ရရှိဖို့၊ အန္တရာယ်ရှိတဲ့လုပ်ငန်းခွင်မှာ ကလေးအလုပ်သမားများ ပပျောက်ဖို့၊ အဆိုးဝါးဆုံးပုံစံအဖြစ် ကလေးလုပ်သားများကို ခိုင်းစေမှုပပျောက်ဖို့၊ ကလေးလုပ်သား ရာခိုင်နှုန်းတစ်ခု သတ်မှတ်လျှော့ချနိုင်ဖို့ ဖြစ်ပါတယ်။

ဒါ့အပြင် ကိုယ်စားလှယ်တော်ကြီးဆွေးနွေးခဲ့တဲ့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကလေးများကို ပညာသင်ကြားဖို့ကိစ္စ၊ လုပ်ငန်းခွင်မှာ ဘေးကင်းမှုကိစ္စကိုလည်းပဲ ချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်နေပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကလေးလူငယ်များကို အခြေခံပညာရရှိစေဖို့ အတွက် အခမဲ့ မသင်မနေရ အလယ်တန်းပညာရေးအစီအစဥ်၊ ဘဝရပ်တည်ရေးအတွက် အလုပ်လုပ် ကြရတဲ့ သို့မဟုတ် လမ်းပေါ်ရောက်နေကြတဲ့ ကလေးသူငယ်များ သင်ယူနိုင်ရန် သင်ယူမှု ပတ်ဝန်းကျင်အမျိုးမျိုးနဲ့ သင်ယူမှုအခွင့်အလမ်းအမျိုးမျိုးတို့ကို ဖန်တီးပေးပြီးတော့မှ ကျောင်းပြင်ပ ရောက်လူငယ်များ စဥ်ဆက်မပြတ်သင်ယူနိုင်ရန်နဲ့ လုပ်ငန်းခွင်ရောက်ရာမှာ အထောက်အကူပြုစေရန် လူငယ်ပညာရေး အသိမှတ်ပြုအောင်လက်မှတ် အစီအစဥ် (Youth Certificate Programme)ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအစီအစဥ် အောက်မှာရှိတဲ့ ပညာရေးအမျိုး အစားလိုက် သင်ရိုးညွှန်းတမ်းစံများ၊ အရည်အသွေးစံများ၊ အကဲဖြတ်မှုအညွှန်းဘောင်များ၊ သင်ယူပြီး မြောက်ခြင်းဆိုင်ရာ စိစစ်မှုအညွှန်းဘောင်များနဲ့ အသိမှတ်ပြု အောင်လက်မှတ်တို့ကိုလည်းပဲ အမျိုးသား အဆင့်ရေးဆွဲခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ချိတ်ဆက်နိုင်တဲ့ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအစီအစဥ်များ ရေးဆွဲခြင်းနဲ့ အစိုးရအသိမှတ်ပြုကျောင်းရဲ့ ကျောင်းပြင်ပနဲ့ တစ်သက်တာပညာရေးအစီအစဥ်တစ်ခုမှ ပေးအပ်တဲ့ အသိမှတ်ပြုလက်မှတ် (Certificate)ဟာ လုပ်ငန်းခွင်ရောက်ရှိနိုင်ရေးအတွက် အာမခံချက်ရရှိအောင် ဆောင်ရွက်ခြင်းများကိုလည်းပဲ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

ကျွန်တော် အခုလို ရှည်ရှည်ဝေးဝေး တင်ပြနေရခြင်းမှာ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ကျွန်တော်တို့ အစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ ကလေးလုပ်သား များ လုပ်ငန်းခွင်မှတစ်ဆင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရေး ကလေးလုပ်သားလျှော့ချ နိုင်ရေးကို အလေးထားပြီးတော့မှ ဆောင်ရွက်နေပါကြောင်းနှင့် အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်းပဲ

မူဝါဒများရေးဆွဲပြီးတော့မှ ကျွန်တော်တို့ ထိရောက်တဲ့အစီအမံများ ချမှတ်ပြီးတော့ ဥပဒေနှင့်အညီ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုလည်းပဲ ညှိနှိုင်းချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ အလားတူပါပဲ ILO, UNICEF, INGO, NGO, CSO အဖွဲ့များနဲ့ ချိတ်ဆက်ပြီးတော့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လိုရင်းမေး၊ လိုရင်းမေး။

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ မေးခွန်းဖြေကြားသွားတဲ့ ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ တစ်အူထုံဆင်း တိုင်းရင်းသား ကရင်လူမျိုးတွေဖြစ်တဲ့ မေတ္တာဗြဟ္မစိုရ် ဘာသာဝင်တွေရဲ့ ဒီကိစ္စလေးမှာ ဝန်ကြီးဖြေသွားတဲ့ အခြားဘာသာဆိုတဲ့ စာသားလေးရဲ့ဘေးမှာ ဗြဟ္မစိုရ်ဘာသာလို့ ကွင်းစကွင်းပိတ်နဲ့များ ဖော်ပြပေးလို့ ရမယ်ဆိုလို့ရှိရင် ဒါလေးကို ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ကရင်လူမျိုးတွေရဲ့ ဗြဟ္မစိုရ်ဘာသာဝင်တွေရဲ့ကိုယ်စား မေးမြန်းခြင်း ဖြစ်ပါတယ်။ ဒီလိုမျိုးများ ကျွန်တော်တို့ ဖြည့်သွင်းပေးနိုင်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လည်း ပိုပြီးတော့ အထောက်အကူပြုမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက် ထပ်ဆင့်မေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနဆိုတာ သတ်မှတ်ထားတဲ့ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ကျွန်တော်တို့ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့သဘောနဲ့ ကျွန်တော်တို့ ထွင်ပြီးတော့မှ ဆောင်ရွက်လို့မရပါဘူး ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသလိုပဲ အလားတူ ကျွန်တော်တို့ မိမိတို့အစီအစဉ်နှင့် ကိုးကွယ်တဲ့ဘာသာ ကျွန်တော်တို့နိုင်ငံအတွင်းမှာ အမြောက်အမြား တည်ရှိနေပါတယ်။ မည်မျှရှိတယ်ဆိုတဲ့ စာရင်းအတိအကျ သိချင်တယ်ဆိုရင် ကျွန်တော် ကိုယ်စားလှယ်တော်ကြီးကို သီးသန့် တင်ပြပါ့လို့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီတစ်ခုကို ကျွန်တော်တို့ ဆောင်ရွက်ပေးမယ်ဆိုရင် အခြားအခြားသော ကျွန်တော်တို့ ဘာသာများ၊ ကိုးကွယ်မှုများလည်း အများအပြားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းများသည် သတ်မှတ်ထားတဲ့ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်တာကိုလည်းပဲ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ နားလည်ပေးဖို့ လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၄း၃၂ နာရီအချိန်တွင် ရပ်နားပါသည်။]